# ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၉။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ ဟုခေါ်ရမည်။

၂။ ။နောက်တွင် ''အဆိုပါအက်ဥပဒေ'' ဟုရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ ပုဒ်မ ၁၃ အစား၊ အောက်ပါပုဒ်မကို ထည့်သွင်းရမည်။

ရန်ကုန် စည်ပင်သာယာရေးအဖွဲ့ပျက်ပြယ်ခြင်း။

''၁၃။ ။ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေတွင် ဖြစ်စေ၊ အခြားတည်ဆဲ တရားဥပဒေများတွင် ဖြစ်စေ၊ မည်သို့ပင် ပါရှိစေကာမူ၊ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့ အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့်မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ စတင် အာဏာ မတည်မီက ရန်ကုန် စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းထားသောစည်ပင်သာယာရေးအဖွဲ့သည်၊ အဆိုပါ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့်မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေစတင် အာဏာတည်သည့်နေ့တွင် ပျက်ပြယ်ရမည်။ ထို့ပြင် ထိုစည်ပင်သာယာရေးအဖွဲ့ကရင်း၊ ထိုအဖွဲ့၏ ဥက္ကဋ္ဌကရင်း၊ အဆိုပါစည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေအရသုံးစွဲဆောင်ရွက်နိုင်ရမည့် အာဏာနှင့် တာဝန်ဝတ်တရားအားလုံးကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေအရဖွဲ့စည်းထားသော အဖွဲ့က သုံးစွဲဆောင်ရွက်နိုင်ရမည်။ ထို့ပြင် ထိုစည်ပင်သာယာရေးအဖွဲ့၏ လက်ရှိပစ္စည်းအားလုံးနှင့်ကြွေးမြီတာဝန်အားလုံးကို အဖွဲ့ကဆက်ခံရမည့်ပြင်၊ ထိုစည်ပင်သာယာရေးအဖွဲ့ကချုပ်ဆိုခဲ့သော ပဋိညာဉ်အားလုံးကိုလည်းအဖွဲ့ကချုပ်ဆိုသည်ဟုမှတ်ယူရမည်။''

၃။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၇ အစား၊ အောက်ပါ ပုဒ်မကို ထည့်သွင်းရမည်။

အဖွဲ့၏ ရာထမ်း မှုထမ်းများဖြစ်ခြင်း။

''၁၇။ ။ရန်ကုန် စည်ပင်သာယာရေးအဖွဲ့အက်ဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ၊ အဆိုပါ ရန်ကုန် စည်ပင်သာယာရေးအဖွဲ့၏ ရာထမ်း မှုထမ်းအားလုံးသည်၊ အဖွဲ့၏ ရာထမ်း မှုထမ်းများဖြစ်ရမည်။''

၄။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၂၇ တွင် ပုဒ်မခွဲ (၂) ကို ပယ်ဖျက်ရမည်။

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၃၂ တွင် ပုဒ်မခွဲ (၁) ၏ ခြွင်းချက်ကို ပယ်ဖျက်ရမည်။

ပ၊မ၊ဗ၊စ၊ —အမှတ် ၅၉၊ တရားရေးဝန်ကြီးဌာန၊ ၁-၁၂-၅၄—၂,၀၀၀—၂။
အတိုး—၁၀ ပြား]